# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

November 18, 2024 | Volume 84, Number 10


၁၈.၁၁.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၄.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၁.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၀.၁ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၅၅.၇ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၉၂ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၈၈၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၀.၂၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၈.၇၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၂၅၈ ကျပ် |


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## မြန်မာနိုင်ငံထွက် နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြု



မြန်မာပြည်တွင် စိုက်ပျိုးထွက်ရှိသည့် နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုလိုက်ကြောင်း မြန်မာနိုင်ငံဆိုင်ရာတရုတ်သံရုံးက အသိပေးထုတ်ပြန်ထားသည်။

" မြန်မာနိုင်ငံက လတ်ဆတ်သောနာနတ်သီးတင်သွင်းမှုအတွက် ပိုးမွှားကင်းရှင်းကြောင်း (Phytosanitary) သတ်မှတ်ချက်များဆိုင်ရာ ကြေညာချက်" ကို တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါထုတ်ပြန်ချက်အရ နိုဝင်ဘာ ၁၁ ရက်မှ စတင်၍ သက်ဆိုင်ရာသတ်မှတ်ချက်များနှင့် ကိုက်ညီသည့် မြန်မာနိုင်ငံက လတ်ဆတ်သော နာနတ်သီးများကို တရုတ်နိုင်ငံသို့ တင်သွင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြန်မာ့နာနတ်သီးများသည် အခြားနိုင်ငံမှ နာနတ်သီးများနှင့်မတူဘဲ တမူထူးခြားသော သစ်သီးမွှေးရနံ့ရှိပြီး အသီးအရသာမှာလည်း ချိုချဉ်လတ်ဆတ်ပြီး အရည်ရွှမ်းသောကြောင့် စားသုံးသူများစွာကို အလွယ်တကူဆွဲဆောင်နိုင်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

မြန်မာ့နာနတ်သီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အများဆုံးစိုက်ပျိုးခြင်းဖြစ်ပြီး ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရန်အတွက် စီစဉ်လုပ်ဆောင်မှုများရှိနေကြောင်းလည်း မြန်မာနာနတ်သီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းက သိရသည်။

ထို့ပြင် နာနတ်သီးကို ရှမ်းပြည်နယ်(တောင်ပိုင်း)နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်အတွင်းရှိ မက်မွန်းမွန်းရွာ၊ တွံ့တီးရွာ၊ လွယ်ဆိုင်ရွာတို့တွင်လည်း စီးပွားဖြစ်စိုက်ပျိုးကြပြီး ဇူလိုင်လမှ စက်တင်ဘာလ အထိထွက်ရှိကြောင်း သိရသည်။

**Source : Popular News Journal**

## G to G အစီအစဉ်အရ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၂ သိန်း ရောင်းဝယ်မှုဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံအစိုးရတို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူညီမှု MOU အရ၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မြန်မာနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် ၂ သိန်း တင်ပို့နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်၊ ညနေပိုင်းက Onlineဖြင့် ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်၊မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်နိုင်ငံ Ministry of Foodမှ အမြဲတမ်းအတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံမှဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန် ချိန် ၂ သိန်း ထပ်မံတင်ပို့နိုင်ရန် အရောင်းအဝယ်စာချုပ် (Sale Contract) စာချုပ်ချုပ်ဆိုနိုင်ရေးအတွက် ဈေးနှုန်းဆိုင်ရာကိစ္စရပ်များအား အသေးစိတ်ညှိနှိုင်းခဲ့ကြသည်။

**Source : မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**https://myantrade.gov.mm/article/NayPyiTaw_14112024337**

## မြန်မာ့ယွန်းထည်အပါအဝင် အခြားလက်မှုပစ္စည်းများကိုခင်းကျင်းပြသခဲ့သည့် အာဆီယံနှင့်မိတ်ဆွေနိုင်ငံများ ဈေးရောင်းပွဲတော်



ဝါရှင်တန်မြို့ရှိ Fashion Centre at Pentagon City ၌ နိုဝင်ဘာ ၁၆ ရက် မွန်းတည့် ၁၂ နာရီမှညနေ၅ နာရီအထိ ပြုလုပ်သည့် အာဆီယံနှင့်မိတ်ဆွေနိုင်ငံများဈေးရောင်းပွဲတော်၌ မြန်မာသံရုံး ၊ဝါရှင်တန်မြို့က မြန်မာ့ယွန်းထည်အပါအဝင် အခြားလက်မှုပစ္စည်းများကိုခင်းကျင်းပြသခဲ့သည်။

ဈေးရောင်းပွဲတော်သို့ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၏ သံရုံးယာယီတာဝန်ခံ/သံအမတ် ဦးသက်ဝင်းနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး မြန်မာ့ယွန်းထည်၊ ရွှေချည်ထိုး၊ အခြားမြန်မာ့ရိုးရာလက်မှုပစ္စည်းများနှင့် ရှုခင်းဓာတ်ပုံများကိုပြသခဲ့သည်။

ထို့ပြင် ဈေးရောင်းပွဲတော်၌ပါဝင်သည့် ဝါရှင်တန်မြို့အခြေစိုက် အခြားသံရုံးများမှလည်း လူသုံးကုန်ပစ္စည်းများ၊ လက်မှုအနုပညာပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများကို ခင်းကျင်းပြသခဲ့ကြသည်။

အဆိုပါ ဈေးရောင်းပွဲတော်အား အာဆီယံအမျိုးသမီးအသင်း (ASEAN Spouses Circle – ASC)၊ အာရှ-အမေရိကန်ကုန်သည်ကြီးများအသင်း (Asian American Chamber of Commerce – AACC) နှင့် Fashion Centre at Pentagon City တို့က ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

**Source : Popular News Journal**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၁-၁၁-၂၀၂၄ မှ ၁၄-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၃,၆၅၇,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၄,၀၅၇,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၄,၀၁၂,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၉၈,၀၀၀ နှင့် မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၁၇,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၂၁၂,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၅၀လုံး(တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC(2024 Crop) ကွန်တိန်နာ ၁၅ လုံး (တန်ချိန် ၃၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရှောက်** 

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ )ဈေးနှုန်းများမှာ ပန်းရဲငရုတ် (သစ်) AC ကျပ် ၆၅၀၀၊ မြားနီ ကျပ် ၆၀၀၀ ၊ပန်းတနော်ရှည် ကျပ် ၅၅၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၄,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ငရုတ်သီးများ ဈေးငြိမ်လျက်ရှိသည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ငရုတ်ရှည် အိတ်ပေါင်း ၁၄၅၀ (၂၉,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၁၁၀၀( ၂၂,၀၀၀ ပိဿာ)နှင့်ငရုတ်ပုအိတ်ပေါင်း ၅၀(၇၅၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည်အိတ်ပေါင်း ၃၅၀ (၇,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၅၀ (၇၅၀ ပိဿာ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ်၃၆၀၀နှင့်မန်ကျည်းအသား (သစ်) ကျပ် ၁၂၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မန်ကျည်းအသား (သစ်) ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာ နှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၆၈၀၀၊ ညောင်ဦးဆေးရွယ်(ထန်း) ကျပ် ၇၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၆၈၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၈၀၀၀၊ ကြံသကာ ကျပ် ၃၁၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၅၁၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ထန်းလျက်၊ ကြံသကာနှင့်သကြားများ ဈေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၁-၁၁-၂၀၂၄ မှ ၁၄-၁၁-၂၀၂၄) ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှကြက်သွန်နီများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရွယ် ကျပ် ၄၅၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၄၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၈၀၀၊ ဆိပ်ဖြူလတ်

ချော ကျပ် ၂၆၀၀၊ မြင်းခြံသစ်ရှယ် ကျပ် ၄၅၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၄၀၀၀၊ မြင်းခြံလတ်သန့် ကျပ် ၃၅၀၀ နှင့် မြင်းခြံလတ်ချော ကျပ် ၂၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆိပ်ဖြူလတ်ကြီး ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၃၀၀၊ မြင်းခြံ သစ်ရှယ် ကျပ် ၃၀၀၊ မြင်းခြံလတ်ကြီး ကျပ် ၁၀၀၊ နှင့် မြင်းခြံလတ်ချော ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၀ စီး (၅၄၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၅ စီး (၅၇၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၅ စီး (၃၀,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်းထူး-၂ ကျပ် ၁၃,၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၁၄,၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၁၅,၀၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၁၆,၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၅၀၀၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန် ဖြူအိတ် ၁၄၀၀ (၄၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၁၃၀၀ (၃၉,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၀၀ (၃,၀၀၀ ပိဿာ) လျော့နည်း ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**


ဘုရင့်နောင်ကုန်စည်ဒိုင်သို့ တရုတ်မှအာလူးများနေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ တရုတ်အာလူး ကျပ် ၇၆၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့သည်။

ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၉ စီး (၁၁၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၀ စီး (၆၀,၀၀၀ ပိဿာ)ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၉ စီး (၅၄,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှုးရုံး**

## ဧရာဝတီမြေနုကျွန်းစိုက်ခင်းများမှ စားဖိုဆောင်သီးနှံများ ဈေးကောင်းရ



ဆောင်းစိုက်သီးနှံအဖြစ် ဧရာဝတီမြစ်ရေကျဆင်းချိန် အောက်တိုဘာလဆန်းပိုင်းက စတင်စိုက်ပျိုးထားသည့် စားဖိုဆောင်သီးနှံများဖြစ်သည့် ချဉ်ပေါင်ရွက်၊ ဘူးသီးများ စတင် ခူးဆွတ်ရောင်းချနေရာ ယခင်နှစ်များထက် ဈေးကောင်း ရရှိလာကြောင်း တောင်သူများထံက သိရသည်။

“ ဆောင်းစိုက်အနေနဲ့ ကန်စွန်းဥ၊ မြေပဲနဲ့ ချဉ်ပေါင်ရွက်၊ ဘူးပင်ကတော့ အညွန့်တွေ စတင်ခူးနေပါပြီ။ ချဉ်ပေါင် ကတော့ အစည်း ၁၀၀ကို ငွေကျပ် ၃၅၀၀-၄၀၀၀ ဈေးရ

ပါတယ်။ ချဉ်ပေါင် တစ်ကေကို ငွေကျပ် ၅၀၀,၀၀၀ စိုက်ပျိုးစရိတ်ကုန်ကျပါတယ်။ ချဉ်ပေါင်က အပင်နုတ်စနစ်နဲ့ တစ်ကန့်ကို ချဉ်ပေါင်အစည်း ၈၀၀၀ လောက်ထွက်ပါတယ်။ တစ်ကေနှုန်းဆိုရင် ချဉ်ပေါင်အစည်း ၃၂,၀၀၀ ခန့်ထွက်ရှိပါတယ်။ လက်ရှိ စိုက်ခင်းကောက်ဈေးနဲ့ဆိုရင် ငွေကျပ် ၁၂ သိန်း ကျော်လောက်ရရှိတော့ တစ်ကေ အကျိုးအမြတ် ၇ သိန်းလောက်ကျန်ပါတယ်” ဟု ပုသိမ်ကြီးမြို့နယ်ရှိတောင်သူတစ်ဦးက ပြောပြသည်။

ရေဝတီမြေနုကျွန်းကျေးရွာ များတွင် စက်တင်ဘာလ မြစ်ရေကျဆင်းမှုနှင့်အတူ ဆောင်းစိုက်သီးနှံများကို စိုက်ပျိုးရာတွင် အဓိက ဝင်ငွေရရှိအောင် ဆောင်းမြေပဲ၊ကန်စွန်းဥများကို အများဆုံးစိုက်ပျိုးကြပြီး သီးညှပ်အဖြစ် စားဖိုဆောင်သီးနှံများဖြစ်သည့် တိုင်ထောင်ပဲ၊ ပြောင်းချို၊ ဘူးသီး၊ ချဉ်ပေါင်များကို စိုက်ပျိုးရာ နိုဝင်ဘာလလယ်ခန့်တွင် စားဖိုဆောင်သီးနှံများ စတင်ခူးဆွတ်ရောင်းချရာ ဈေးကောင်းရရှိ နေခြင်းဖြစ်သည်။


ချဉ်ပေါင်ရွက် အစည်း ၁၀၀ လျှင် ငွေကျပ် ၃၅၀၀-၄၀၀၀၊ ဘူးသီးပိသာဆိုဒ်အရွယ် တစ်လုံးလျှင် ငွေကျပ် ၁၀၀၀-၁၅၀၀ စိုက်ခင်းဈေးအဖြစ် ပွဲစားများထံ ရောင်းချရကြောင်း တောင်သူများထံက သိရသည်။

မန္တလေးဈေးကွက်အတွင်း သို့ အောက်တိုဘာလကတည်းက စားဖိုဆောင်သီးနှံများ အဝင်နည်းပြီး ဈေးကောင်းရရှိနေခြင်းဖြစ်သည်။

ရေဝတီမြေနုကျွန်းစိုက်ခင်းများတွင်အောက်တိုဘာလမှ စတင်စိုက်ပျိုးသည့်မြေပဲနှင့် ကန်စွန်းဥများမှာလည်း ယခင်နှစ်ကဈေးကောင်းရရှိခဲ့သလိုယခုနှစ်တွင်လည်းဈေးကောင်းရရှိနိုင်သည့်အခြေအနေများရှိနေကြောင်းတောင်သူများထံကသိရသည်။

**Source : မကွေးဂျာနယ်**

## မြေပဲလုံးဆန်ထိပ်စများပို့ကုန်အဝယ်ရှိလာသလို ဈေးကွက်အတွင်း အဝင်နည်းလာသောကြောင့် မြေပဲဆီဆန်များ လည်းဈေးမြင့်တက်လာ



မြေပဲလုံးဆန်ထိပ်စများ ပို့ကုန်အဝယ်ကောင်းလာသလို ဈေးကွက်အတွင်း အဝင်နည်းလာသောကြောင့် မြေပဲဆီဆန်များ ဈေးမြင့်တက်လာကြောင်း ကုန်သည်များထံက သိရသည်။

ကထိန်ရာသီနောက်ပိုင်း ပဲ၊ နှမ်းဈေးကွက်အတွင်း မြေပဲဆန်၊ နှမ်းမျိုးစုံနှင့် ပို့ကုန်ပဲတီစိမ်းများ အရောင်းအဝယ်သွက်လာနိုင်ကြောင်း ကုန်သည်များကသုံးသပ်ထားသည်။

နိုဝင်ဘာလဆန်းပိုင်းတွင် မြေပဲဆန်ဈေးကွက် ကျဆင်းနေသောကြောင့် ဈေးကွက်အဝင်နည်းလာခဲ့သည်။

ကထိန်ပွဲတော် ကာလဖြစ်သောကြောင့် အရောင်းအဝယ်ကုန်စည်ဒိုင်တွင် အရောင်းအဝယ်နည်းပါးနေချိန်ဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်လိုင်းအဝယ်ကောင်းလာသည့် မြေပဲလုံးဆန်ထိပ်စများ အဝယ်သွက်နေသလိုအဝင်နည်းလာသည့် မြေပဲဆီဆန်များလည်း ဈေးပြန်လည်မြင့်တက်ကြောင်း၊ပွဲတော်ပိတ်ရက်များအလွန်မှာ အရောင်းအဝယ်ခပ်သွက်သွက်ပြန်ဖြစ်လာနိုင်ကြောင်း ပွဲရုံပိုင်ရှင်တစ်ဦးကပြောသည်။

“ မြေပဲလုံးဆန်ထိပ်စလေး တွေ တရုတ်လိုင်းအဝယ်ကောင်းလာပါတယ်။ ကထိန်ရာသီဆိုတော့ မြေပဲဆန်နဲ့ မြေပဲဆီတွေကတော့ အဝယ်သွက်နေပါတယ်။ ပဲတီစိမ်းတွေလည်း အဝယ်ကောင်းလာတော့မှာပါ။ ပြည်တွင်း ကုလားပဲအုပ်စုကတော့ ပုံမှန်အရောင်းအဝယ်ရှိနေပါတယ်။လက်ရှိကုန်စည်ဒိုင်မှာအရောင်းအဝယ်ကအစုံအလင်မရှိသေးပါဘူး။ကထိန်ရာသီပြီးရင်တော့ မြေပဲ၊

နှမ်း၊ပဲတီစိမ်းတွေ အရောင်းအဝယ်ခပ်သွက်သွက်နဲ့ ပြန်ကောင်းလာနိုင်ပါတယ်” ဟု ၎င်းက ပြောသည်။

နိုဝင်ဘာ ၁၃ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀၊ မတ်ပဲ(အသစ်)တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀ ၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၆၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးနှုန်းအပြောင်းအလဲမရှိ ဈေးငြိမ်နေရာ နိုဝင်ဘာ ၁၃ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၀,၀၀၀၊ ကုလားပဲV7တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ်၂၈၅,၀၀၀ ၊ ၉၂၉ ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၅,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးငြိမ်နေရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၉၀,၀၀၀၊ ကနေဒါစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၅၅၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ – ၈၆၀၀ ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံမှာ ပို့ကုန်သမားများ အဝယ်ကောင်းသဖြင့် နိုဝင်ဘာ ၁၃ ရက်တွင် နှမ်းနက်၄၅ (စမုန်) ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၆၂၀,၀၀၀၊ အက်ဆစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၆၀,၀၀၀၊ နှမ်းဖြူ ၄၅ (ဂျပန်) ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၂၅,၀၀၀၊ နှမ်းဖြူ ၄၅ (ဗမာ) ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၈၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ အသီးသီးပေါက်ဈေးရှိနေကြောင်း သိရသည်။

**Source:မကွေးဂျာနယ်**

## ၇ လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ ၂၂၆ ဒသမ ၀၈၁ သန်း ခွင့်ပြုခဲ့



ယခုဘဏ္ဍာနှစ်၏ ခုနစ်လတာကာလအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၂၂၆ ဒသမ ၀၈၁ သန်းကို ခွင့်ပြုခဲ့ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနထံက သိရသည်။

ပြည်တွင်းရင်းနှီးမြှုပ်နှံမှုကဏ္ဍ ၁၂ ခု၏ ရင်းနှီးမြှုပ်နှံမှုပမာဏ တိုးမြှင့်ခြင်းအပါအဝင် လုပ်ငန်းပေါင်း ၃၃ ခု၏ ရင်းနှီးမြှုပ်နှံမှုကို ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ခွင့်ပြုခဲ့သည့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈၇ ဒသမ ၇၁၅ သန်း၊ ကုန်ထုတ်လုပ်ရေးကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၈၄ ဒသမ၂၅၂ သန်း၊ စိုက်ပျိုးရေးကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၂၅ သန်း၊ မွေးမြူရေးကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၈၈ သန်း ဝင်ရောက်ထားကြောင်း သိရသည်။

ပြည်ပရင်းနှီးမြှုပ်နှံမှုအနေဖြင့် စင်ကာပူနိုင်ငံကပထမနေရာတွင်ရှိနေပြီးတရုတ်နိုင်ငံကဒုတိယ၊ ထိုင်းနိုင်ငံက တတိယနေရာတွင် ရပ်တည်နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**Source : Popular News Journal**

## အိန္ဒိယတွင် ဆောင်းရာသီ (Rabi) သီးနှံစိုက်ပျိုးမှုများ အရှိန်ရနေသော်လည်း တောင်ပိုင်းပြည်နယ်များတွင် သီးနှံစိုက်ပျိုးမှုများ နောက်ကျနေ

အိန္ဒိယနိုင်ငံတွင်ပွဲတော်ရာသီနီးကပ်လာသည်နှင့်အမျှ လယ်သမားများသည်လွန်ခဲ့သည့်လအနည်းငယ်အတွင်းဈေးကောင်းရရှိခဲ့သည့် ကုလားပဲ၊ ဂျုံ၊ မုန်ညင်းနှင့် ပဲနီလေးတို့ကို ရွေးချယ်စိုက်ပျိုးလာမှုနှင့်အတူ ပြည်နယ်အားလုံးနီးပါးတွင် ဆောင်းရာသီ

သီးနှံစိုက်ပျိုးမှုများကို အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သို့ရာတွင် အိန္ဒိယတောင်ပိုင်းပြည်နယ်များဖြစ်သည့် Andhra Pradesh၊ Kerala နှင့် Tamil Nadu တို့တွင် မိုးများ သည်း ထန်စွာရွာသွန်းမှုကြောင့် ဆောင်းရာသီသီးနှံစိုက်ပျိုးမှုများ နှောင့်နှေးခဲ့ကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အထူးသဖြင့် တောင်ပိုင်းပြည်နယ်များ၌ ကုလားပဲစိုက်ပျိုးမှုများကို နှောင့်နှေးစေခဲ့သဖြင့် တောင်သူများအား မတ်ပဲကဲ့သို့သော ဈေးကောင်းရရှိသည့် အခြားသီးနှံများကို ရွေးချယ်ရန် ဖြစ်လာကြောင်း Andhra Pradesh ပြည်နယ်မှ လယ်သမားတစ်ဦးဖြစ်သူ G Reddy က ပြောကြားခဲ့သည်။

Andhra Pradesh နှင့် Tamil Nadu တို့သည် မတ်ပဲ စိုက်ပျိုးထုတ်လုပ်ရာတွင် ထင်ရှားသည့် ပြည်နယ်များဖြစ်သည်။

အိန္ဒိယနိုင်ငံသည် ပြီးခဲ့သည့်နှစ်တွင် ပဲစင်းငုံ၊ မတ်ပဲနှင့် ကုလားပဲ ထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ပဲဈေးနှုန်းများ မြင့်တက်ခဲ့ပြီး အလုံးစုံစားသောက်ကုန် ငွေကြေးဖောင်းပွမှုကို ကြုံတွေ့ခဲ့ရသဖြင့် အစိုးရသည်သွင်းကုန်ကန့်သတ်ချက်အားလုံးကို ဖယ်ရှားခဲ့ပြီး သိုလှောင်မှုဆိုင်ရာ ကန့်သတ်ချက်များ ချမှတ်ခဲ့သည်ကို တွေ့ရသည်။

မိုးရာသီတွင် မတ်ပဲစိုက်ပျိုးမှုသည်လည်း ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီခြင်းမရှိသဖြင့် ဆောင်းရာသီ သီးနှံအထွက်နှုန်း ကောင်းခြင်းသည် လယ်သမားများကို ဈေးပိုကောင်းအောင် ကူညီပေးနိုင်သည်ဟု Reddy ကပြောကြားထားသည်။

အနောက်ပိုင်းပြည်နယ်များတွင် ဂျုံစိုက်ပျိုးမှုအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ဂျုံသည် ဆောင်းရာသီ အဓိက သီးနှံဖြစ်ပြီး နိုင်ငံအတွင်း စားသုံးသည့် အဓိက အစားအစာများထဲမှ တစ်ခုဖြစ်သည်။

Rajasthan ပြည်နယ်တွင် ဂျုံကို ဟက်တာ ၄၆,၀၀၀ ခန့် စိုက်ပျိုးထားရှိပြီး ယင်းမှာ ပြီးခဲ့သည့်နှစ်က မှတ်တမ်းတင်ထားသည့် ဟက်တာ ၆,၀၀၀ ထက်သိသိသာသာတိုးလာကြောင်း ပြည်နယ်အစိုးရ၏ အချက်အလက်များအရ သိရသည်။

ယခုရာသီအတွက် Rajasthan အစိုးရသည် ပြည်နယ်အတွင်း ဂျုံစိုက်ပျိုးရန်အတွက် ဟက်တာ ၃ ဒသမ ၂ သန်းကို ရည်မှန်းထားကြောင်းသိရသည်။

ဂျုံစိုက်ပျိုးခြင်းကို အနောက်ဂုဂျာရတ်နှင့် Rajasthan ပြည်နယ်များတွင် စတင်စိုက်ပျိုးပြီး  Haryana နှင့် Punjab ပြည်နယ် တို့တွင်လည်း စိုက်ပျိုးနေပြီဖြစ်ကြောင်းသိရသည်။

အိန္ဒိယအစိုးရသည် ဂျုံ၏အနိမ့်ဆုံးထောက်ပံ့ရေးဈေးနှုန်း (MSP) ကို  ၂၀၂၅ -၂၀၂၆ ရာသီချိန်အတွက် ၁၀၀ ကီလိုဂရမ်လျှင်  ၂၂၇၅ ရူပီး အဖြစ် ၁၅၀ ရူပီး တိုးမြှင့်သတ်မှတ်ပေးခဲ့ကြောင်း၊ ၂၀၂၃ -၂၀၂၄ ခုနှစ်တွင်  ဂျုံစိုက်ပျိုးဧရိယာ ဟက်တာ ၃၁ ဒသမ ၈၃ သန်းရှိပြီး ထုတ်လုပ်မှုမှာ တန်ချိန် ၁၁၃ ဒသမ ၉၂ သန်းရှိမည်ဟု ခန့်မှန်းထားကြောင်း၊ Uttar Pradesh ပြည်နယ်သည် နိုင်ငံအတွင်း ဂျုံအများဆုံးထွက်ရှိနေသည့် ပြည်နယ်ဖြစ်ပြီး ၎င်း၏နောက်တွင် Madhya Pradesh၊ Punjab၊ Haryana၊ Rajasthan၊ Bihar၊ Gujarat နှင့် Maharashtra တို့မှာ အသီးသီးရပ်တည်လျက်ရှိသည်။

အာလူးသည် ယခင်နှစ် စိုက်ပျိုးထုတ်လုပ်မှုနည်းပါးခြင်းကြောင့် ဈေးကောင်းရရှိလာခြင်းနှင့်အတူ ယခုနှစ်ဆောင်းရာသီတွင်စိုက်ပျိုးရန် တောင်သူများ၏ ဦးစားပေးသီးနှံဖြစ်လာနိုင်ကြောင်းလည်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ဆောင်းရာသီသီးနှံများ အရှိန်အဟုန်ဖြင့် စိုက်ပျိုးနေသော်လည်း တောင်ပိုင်းဒေသအချို့ ပြည်နယ်များတွင် မိုးရွာသွန်းမှုများပြားခြင်းကြောင့် ကုလားပဲအစား မြန်မာနိုင်ငံ၏ အဓိကတင်ပို့ကုန်တစ်မျိုးဖြစ်သော မတ်ပဲကို အစားထိုးစိုက်ပျိုးလာခြင်း မတ်ပဲဈေးကွက်အပေါ် သက်ရောက်မှုများရှိလာနိုင်ကြောင်း သိရသည်။

**Source: Rabi sowing gains pace but southern states lag, The Economic Times, 24 October, 2024.**

**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/article/Naypyitawstp_181120241001

## Steel Asia သည် ပီဆို ၅၁၁ ဒသမ ၂၄ သန်းတန်ဖိုးရှိ သံမဏိတုံးများကို ကနေဒါသို့တင်ပို့

ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးသံမဏိထုတ်ကုန်ထုတ်လုပ်သည့် Steel Asia Manufacturing Corporation သည် ၅-၁၁-၂၀၂၄ (အင်္ဂါနေ့) တွင် ကနေဒါသို့ ပီဆို ၅၁၁ ဒသမ ၂၄ သန်း (အမေရိကန် ဒေါ်လာ ၈ ဒသမ ၈ သန်း) တန်ဖိုးရှိ သံမဏိတုံးများကို တင်ပို့ခဲ့ပြီး ၎င်း၏ကမ္ဘာ့ဈေးကွက်သို့ သတ္တမမြောက်တင်ပို့မှုအဖြစ် အမှတ်အသားပြုခဲ့သည်။

လွန်ခဲ့သည့်ရက်အနည်းငယ်က တင်ပို့ခဲ့သော သင်္ဘောသည် Davao ရှိ ၎င်းတို့၏ သံမဏိစက်ရုံမှ ထုတ်လုပ်သောသံမဏိများဖြစ်ကြောင်း သံမဏိထုတ်လုပ်ရေးကုမ္ပဏီက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခင်တင်ပို့မှုခြောက်ခုမှာ Bantangas ရှိ သံမဏိစက်ရုံဖြစ်ပြီး စုစုပေါင်းမက်ထရစ်တန်ချိန် ၄၁,၄၀၀ ကျော်ရှိကာ ပီဆို ၁ ဒသမ ၅၈ ဘီလီယံ တန်ဖိုးရှိသည်။

Steel Asia အမှုဆောင်အရာရှိက ပြန်လည်ဖွံ့ဖြိုးမြဲစွမ်းအင်နှင့် ပြန်လည်အသုံးပြုသည့်ရေကိုအသုံးပြုကာ ကမ္ဘာပေါ်တွင် အသန့်စင်ဆုံးသောသံမဏိကုမ္ပဏီများထဲတွင် ပါဝင်ကြောင်းအမွမ်းတင်ခဲ့သည်။

ဇူလိုင်လအစောပိုင်းတွင် ကုမ္ပဏီသည် ပီဆို ၈၂ ဘီလီယံ တိုးချဲ့မှုအစီအစဉ်ဖြင့် ၎င်း၏ ရှိပြီးသားစက်ရုံများကို နှစ်ဆတိုးပြီး နောက်လေးနှစ်အတွင်းတွင် နိုင်ငံ၌ နောက်ထပ်စက်ရုံ ၅ ရုံကို ထပ်မံတည်ဆောက်ရန် စီစဉ်နေသည်ဟု ကုမ္ပဏီမှပြောကြားခဲ့သည်။

စီစဉ်ထားသောစက်ရုံ ၅ ရုံမှာ Lemery၊ Bantangas ရှိ ပီဆို ၁၈ ဘီလီယံ စက်ရုံ၊ Canadelaria၊ Quezan ရှိ ပီဆို ၃၀ ဘီလီယံ စက်ရုံနှင့် Davao မြို့ရှိ ၈ ဘီလီယံ စက်ရုံတို့ပါဝင်ပြီး ကျန်စက်ရုံနှစ်ရုံမှာ Conception Tarlas တွင်ရှိမည်ဖြစ်ပြီး ပီဆို ၁၂ ဘီလီယံ ကုန်ကျကာ ၂၀၂၇ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးမည်ဟု ခန့်မှန်းထားကြသည်။

Steel Asia စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဒုတိယဥက္ကဋ္ဌ Rafael Hidalgo က ၎င်းတို့၏ ထုတ်ကုန်ကမ်းလှမ်းမှုများကို စူးစမ်းလေ့လာလိုကြောင်း မေလအတွင်းပြောကြားခဲ့ကြောင်းသိရသည်။

**Source:Business.inquirer**

**DOCA(ရန်ကုန်)**

https://www.doca.gov.mm/my/node/26856

## ဖိလစ်ပိုင်၏ ၂၀၂၄ ခုနှစ် ဆန်တင်သွင်းမှု တန်ချိန် ၅ ဒသမ ၁ သန်းအထိ ရောက်ရှိနိုင်



ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၅ ဒသမ ၁ သန်းအထိ တင်သွင်းရဖွယ်ရှိပြီး အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည့် ခန့်မှန်းချက် ဆန်တန်ချိန် ၄ ဒသမ ၉ သန်းထက် ၀ ဒသမ ၂ သန်း ပိုမိုလိမ့်မည်ဟုအမေရိကန်စိုက်ပျိုးရေးဦးစီးဌာန (USDA) လက်အောက်ရှိ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှုဌာန (FAS)က ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ FAS ဌာန၏ နောက်ဆုံးထုတ်ပြန်ခဲ့သော အစီရင်ခံစာတွင် ဖိလစ်ပိုင်နိုင်ငံ၏လူဦးရေတိုးပွားမှုနှင့်သွင်းကုန်ခွန်

များလျှော့ချမှုတို့အရ ယခင်ခန့်မှန်းထားသည့် ဆန်တန်ချိန်ထက် ပိုမို တင်သွင်းမည်ဖြစ်ကြောင်း၊ ယခုနှစ်တွင် ဖိလစ်ပိုင် အနေဖြင့် ဆန်တင်သွင်းမှု၏ ၈၀ ရာခိုင်နှုန်းကျော်ကို ဗီယက်နမ်ထံမှ အဓိကရယူတင်သွင်းခဲ့ရာ နှစ်နိုင်ငံ၏ခိုင်မာသော ကုန်သွယ်မှုဆက်ဆံရေးကို အလေးထားမှုရှိကြောင်း ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ဆန်စပါးထုတ်လုပ်မှု အနည်းငယ်ကျဆင်းခဲ့သော်လည်း အိမ်နီးချင်းကမ္ဘောဒီးယားနိုင်ငံထံမှ တင်သွင်းရယူလျက် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် မလေးရှားတို့ အပါအဝင် အဓိကဆန်တင်သွင်းသည့်နိုင်ငံများ၏ ဝယ်လိုအားကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၄ နှစ်ကုန်တွင် ဗီယက်နမ်၏ ဆန်တင်ပို့မှုမှာ တန်ချိန် ၈ ဒသမ ၉ သန်းသို့ စံချိန်တင်ရောက်ရှိနိုင်ကြောင်း၊ကမ္ဘာ့ဆန်ဈေးကွက်သို့ အိန္ဒိယမှဆန်များပြန်လည်ဝင်ရောက်လာခြင်းကြောင့် အာရှဒေသရှိ ဆန်တင်ပို့သူများအပေါ် ဈေးနှုန်းများကို ကျဆင်းစေသည့် ဖိအားအဖြစ် သက်ရောက်ခဲ့သော်လည်း ဗီယက်နမ်သည် အဓိကဆန်တင်ပို့သူအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဖိလစ်ပိုင်အတွက် ဗီယက်နမ်ဆန်သည် ထောက်ပံ့ပို့ဆောင်ရေး ထိရောက်မှု၊ အပြိုင်အဆိုင်ဈေးနှုန်းကြောင့် ဆွဲဆောင်မှုတစ်ခုအဖြစ်ရှိနေပြီး ပြည်တွင်း၌ ပရီမီယံဆန်မျိုးများ ဝယ်လိုအားမြင့်တက်လာသည်ဟု FAS ဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

မကြာမီကာလအတွင်း ဖိလစ်ပိုင်သည် ဗီယက်နမ်ဆန်ကို စွဲမြဲစွာ ဝယ်ယူသည့် နိုင်ငံဖြစ်လာမည့် အလားအလာရှိကြောင်း သိရသည်။

**Source:ManilaStandard,10Nov2024**

**လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## ဇီဝဒီဇယ်ဆီ၌ စားအုန်းဆီ ပါဝင်ရောစပ်မှုပမာဏ ထိုင်းအစိုးရ လျှော့ချ



ထိုင်းနိုင်ငံတွင် စားအုန်းဆီဈေးနှုန်းများ မြင့်တက်မှုဖြစ်ပေါ်လျက်ရှိရာ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဇီဝဒီဇယ်ဆီထုတ်လုပ်ရာတွင် စားအုန်းဆီ ပါဝင်ရောစပ်မှုပမာဏကို နိုဝင်ဘာ ၂၁ ရက် နေ့မှစတင်၍ လျှော့ချလျက် B7 ဇီဝဒီဇယ် အစီအစဉ်မှ B5 အဆင့်သို့ ပြောင်းလဲလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိကာလ၌ ဆောင်ရွက်လျက်ရှိသော B7 အစီအစဉ်တွင် စားအုန်းဆီမှရရှိသော ဇီဝဒီဇယ်ဆီ ၇ ရာခိုင်နှုန်းနှင့် ရေနံမှ ထုတ်လုပ်သော ဒီဇယ်ဆီ ၉၃ ရာခိုင်နှုန်းတို့ကို ရောစပ်အသုံးပြုခြင်းဖြစ်ပြီး B5 အစီအစဉ်၌မူ စားအုန်းဆီမှရရှိသော ဇီဝဒီဇယ်ဆီ ၅ ရာခိုင်နှုန်းသာ ပါဝင်မည်ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်နှင့် စွမ်းအင်ဝန်ကြီးအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိသည့် Pirapan Salirathavibhaga က စွမ်းအင်မူဝါဒနှင့် စီမံကိန်းရုံး၏ နိုဝင်ဘာ ၇ ရက်နေ့၌ ကျင်းပသည့် အစည်းအဝေးတစ်ရပ်တွင် ယခုကဲ့သို့ ပြောင်းလဲလုပ်ကိုင်မည့် အစီအစဉ်ကို အတည်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ဇီဝဒီဇယ်ဆီထုတ်လုပ်မှုစရိတ်ကို လျှော့ချရာ၌ အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်ကြောင်း၊ B7 မှ B5 သို့ ပြောင်းလဲသုံးစွဲသည့် မော်တော်ယာဉ်များအတွက် အင်ဂျင်ထိခိုက်ပျက်စီးမှုရှိမည် မဟုတ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဇီဝဒီဇယ်ဆီ၌ စားအုန်းဆီပါဝင်ရောစပ်မှု အချိုးအစား ပြောင်းလဲလုပ်ဆောင်မည်ကို အမျိုးသားစားအုန်းဆီမူဝါဒကော်မတီထံသို့လည်း အသိပေးထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။

စားအုန်းဆီကြမ်းဈေးနှုန်းသည် မြင့်တက်လာခဲ့ရာ စားအုန်းဆီ ပါဝင်ရောစပ်ထားသည့် ဇီဝဒီဇယ်ဆီ၏ ဈေးနှုန်းကိုလည်း

၁ လီတာလျှင် ၄၈ ဘတ်၏ အထက်သို့ ရောက်ရှိစေခဲ့သည်။

ထိုင်းအစိုးရသည် မေလ ၁ ရက်နေ့မှစ၍ B10 ဇီဝဒီဇယ်ဆီ ထုတ်လုပ်မှုကို ရပ်ဆိုင်းခဲ့ပြီး B7 နှင့် B20 ဇီဝ ဒီဇယ်ဆီ ၂ မျိုးတည်းကိုသာ ဈေးကွက်အတွင်း ဆက်လက်ရောင်းချမှုပြုခဲ့သည်။

B20 ဇီဝဒီဇယ်ဆီ၏ အမည်ကို ယခင်အတိုင်းထားရှိသော်လည်း B7 ဇီဝဒီဇယ်ဆီကိုမူ ဇီဝဒီဇယ်ဆီဟူ၍သာ ခေါ်ဆိုရန် အမည်ပြောင်းလဲခဲ့ကြောင်း သိရသည်။

**Source:TheNationThailand,8Nov2024**

**လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့**

https://www.doca.gov.mm/

## STOCK EXCHANGE (18.11.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Nov. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,551 (Shares) | 50,657,850 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,200 | 8,600 | 8,200 | 1,455 | 12,027,800 | 33,109,694 | 284,743 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 3,140 | 10,362,000 | 38,929,150 | 128,466 |
| MCB | 00003 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 38 | 322,100 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,900 | 9,808 | 18,635,200 | 29,664,613 | 56,363 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 620 | 1,767,000 | 12,823,224 | 36,546 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,700 | 1,750 | 1,700 | 800 | 1,375,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 501 | 2,254,500 | 10,497,598 | 47,239 |
| MAEX | 00008 | 3,300 | +0 | +0.00% | 3,250 | 3,300 | 3,250 | 1,189 | 3,914,250 | 23,804,946 | 78,556 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 18th Nov. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 400.43 | +0.55 | +0.14% | 391.70 | 400.43 | 391.70 | 17,551 | 50,657,850 | 8 | 755,281 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 18th Nov. 2024

| Trading Volume | Trading Value |
|---|---|
| 17,552 (Shares) | 50,692,850 (MMK) |

## Main Board

As of 1:00 pm, 18th Nov. 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,551 (Shares) | 50,657,850 (MMK) |

| MYANPIX | 400.43 ▲ 0.55 |
|---|---|
| Total Volume (shares) | 17,551 |
| Total Value (MMK) | 51 mil |
| Listed Company | 8 |
| Market Cap. (MMK) | 755,281 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,300 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 100 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,300 | ▲ 0 |